# ကလေးငယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုချက်များ

ကလေးများသည် မွေးစကပင် လေ့လာသင်ယူနိုင်ကြသည်။

## မွေးစမှ တစ်ပတ်အရွယ်ထိကလေး



### ချော့မြှူကစားခြင်း

- ကလေးက မြင်နိုင်၊ ကြားနိုင်၊ လက်နဲ့ ခြေထောက်တွေကို လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ပြီး သင့်ကို ထိတွေ့နိုင် အောင် လုပ်ပေးပါ။
- ကလေးကို ညင်သာစွာ ချော့မြှူ ပွတ်သပ်ပြီး ပွေ့ဖက်ထားပါ။ (အသားချင်း ထိကပ်ထားပေးပါ။)



### ကလေးနှင့် ဆက်သွယ်ခြင်း

- ကလေးကို မျက်လုံးချင်းဆုံပြီး စကားတွေပြောပေးပါ။
- ကလေးကို နို့တိုက်နေချိန်ဟာ အဲ့ဒီလိုလုပ်ဖို့ အကောင်းဆုံးချိန်ပါ။
- မွေးကင်းစဖြစ်သော်လည်း ကလေးက သင့်ကို မြင်နိုင်ကြားနိုင်ပါတယ်။

## တစ်ပတ်မှ ၆လအရွယ် ကလေး



### ချော့မြှူကစားခြင်း

- ကလေးက မြင်နိုင်၊ ကြားနိုင်၊ ခံစားနိုင်၊ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ပြီး သင့်ကို ထိတွေ့နိုင်အောင် လုပ်ပေးပါ။
- အရောင်စုံသော အရာဝတ္ထုများကို ကလေးမြင်အောင် ဖြည်းဖြည်းချင်း လှုပ်ပြပြီး ကလေးကို လှမ်းယူခိုင်းပါ။
- အရုပ်နမူနာ။ ။ ရောင်စုံဂျောက်ဂျက်၊ ပလုပ်တုတ်၊ ရောင်စုံကွင်းများ။



### ကလေးနှင့် ဆက်သွယ်ခြင်း

- ကလေးနှင့်အတူ ပြုံးရယ်ပါ။
- ကလေးကို တီတီတာတာပြောပါ။
- ကလေးရဲ့ အသံ၊ အမူအယာအတိုင်း အတုခိုးလိုက်လုပ်ရင်း ကလေးနဲ့ စကားပြောပါ။

## ၆လမှ ၉လအရွယ်ကလေး



### ချော့မြှူကစားခြင်း

- ကလေးကို သန့်ရှင်းပြီး ဘေးကင်းတဲ့ အိမ်သုံးပစ္စည်းတွေကိုပေးပြီး ကိုင်တွယ်၊ တီးခေါက်၊ လွှတ်ချကစားခိုင်းပါ။
- အရုပ်နမူနာ။ ။ အဖုံးပါတဲ့ဘူး၊ သတ္တုအိုး၊ ကော်ဇွန်း။



### ကလေးနှင့် ဆက်သွယ်ခြင်း

- ကလေးရဲ့ အသံနဲ့ စိတ်ဝင်စားတဲ့အရာတွေကို တုံ့ပြန်မှုပေးပါ။
- ကလေးနာမည်ကို ခေါ်ပြီး ကလေး ရဲ့ တုံ့ပြန်မှုကို စောင့်ကြည့်ပါ။

## ၉လမှ ၁၂လအရွယ်ကလေး



### ချော့မြှူကစားခြင်း

- ကလေး အနှစ်သက်ဆုံး အရုပ်ကို အဝတ်စ (သို့) သေတ္တာအောက်မှာ ဝှက်ထားပြီး ကလေးက ရှာတွေ့မတွေ့ ကြည့်ပါ။
- တူတူရေဝါး ဆော့ပါ။



### ကလေးနှင့် ဆက်သွယ်ခြင်း

- ကလေးကို လူနဲ့ အရာဝတ္ထုတွေရဲ့ နာမည်တွေကို ပြောပြပါ။ မျက်နှာပါတဲ့ အရုပ်ကလေးတွေကို အသုံးပြုနိုင်ပါတယ်။
- “တာ့တာ” လိုမျိုးကို လက်ဟန်နဲ့ ဘယ်လိုပြောရမယ်ဆိုတာ ကို သင့်ကလေးကို သင်ပြပေးပါ။

## ၁၂လမှ ၂နှစ်အရွယ်ကလေး



### ချော့မြှူကစားခြင်း

- ကလေးကို တစ်ခုပေါ်တစ်ခု ဆင့်နိုင်သော၊ ဘူးထဲ ထည့်နိုင်၊ ထုတ်နိုင်သောပစ္စည်းတွေ ပေး၍ကစားပါ။
- အရုပ်နမူနာ။ ။ တစ်ခုနဲ့တစ်ခု ဆင့်နိုင်တဲ့ အရုပ်များ၊ ဘူးများ၊ အဝတ်ညှပ်များ။



### ကလေးနှင့် ဆက်သွယ်ခြင်း

- ကလေးကို ရိုးစင်းသော မေးခွန်းများကို မေးပါ။
- ကလေးက စကားပြောရန် အားထုတ်မှုကို တုန့်ပြန်ပေးပါ။
- သဘာဝ၊ ရုပ်ပုံများနှင့် အရာဝတ္ထု များအကြောင်းကို သရုပ်ဖော် ကားချပ်များပြ၍ ပြောပြပါ။

## ၂နှစ်နှင့်အထက်ကလေး



### ချော့မြှူကစားခြင်း

- ကလေးကို အရာဝတ္ထုများကို ရေတွက်နိုင်ရန်၊ နာမည်ပေးတတ်ရန်နှင့် နှိုင်းယှဉ်တတ်ရန် ကူညီပေးပါ။
- ကလေးအတွက် ရိုးရှင်းသော ကစားစရာ အရုပ်များကို ဖန်တီးပေးပါ။
- အရုပ်နမူနာ။ ။ အရောင်အသွေးနှင့် ပုံသဏ္ဍာန် အမျိုးမျိုးရှိသော အရာ ဝတ္ထုများ၊ ကျောက်သင်ပုန်း၊ ရုပ်ဆက် ပဟေဠိ။



### ကလေးနှင့် ဆက်သွယ်ခြင်း

- ကလေးကို စကားပြောရန် အားပေးပြီး ကလေးမှမေးသော မေးခွန်းများကို ဖြေပါ။
- ကလေးကို ပုံပြင်များ၊ သီချင်းများနှင့် ကစားနည်းများကို သင်ပေးပါ။
- ရုပ်ပုံများ၊ စာအုပ် များ အကြောင်းကို ပြောပြပါ။

အရုပ်နမူနာ။ ။ ရုပ်ပြစာအုပ်များ။

## ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုစောင့်ရှောက်ခြင်းသည်

### ကလေးတိုင်းအတွက်

ကလေးဘဝ အစောပိုင်းနှစ်တွေဟာ ကလေးရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးပါတယ်။ အခွင့်အလမ်းကောင်းတွေ အများကြီးရှိသလို၊ မကောင်းတဲ့ လွှမ်းမိုးမှုတွေကိုလည်းခံရနိုင်ချေရှိတဲ့ ကာလဖြစ်ပါတယ်။ သို့ပေမဲ့ ကလေးအများအပြားဟာ သူတို့ရသင့်သလောက် အခွင့်အရေးတွေကို ရရှိမနေကြပါဘူး။ လုံလောက်တဲ့ အာဟာရ၊ ပြုစုစောင့်ရှောက်မှုနဲ့ သင်ယူမှုအခွင့်အလမ်းတွေ စတဲ့ အခွင့်အရေးတွေကို ကလေးတိုင်း တန်းတူညီမျှ ရရှိသင့်ပါတယ်။

### ကောင်းမွန်တဲ့အစပြုမှု

ကလေးဘဝအစောပိုင်းနှစ်တွေမှာ ကောင်းမွန်တဲ့အာဟာရ၊ ကျန်းမာရေး၊ ချစ်ခင်ကြင်နာတဲ့ ပြုစုစောင့်ရှောက်မှုနဲ့ သင်ယူဖို့ အားပေးမှုတွေက ကလေးကို အနာဂတ်မှာ ပိုတော်အောင်၊ ပိုကျန်းမာအောင်၊ ဝင်ငွေပိုကောင်းအောင်နဲ့ လူ့အဖွဲ့အစည်းမှာ ပိုမိုပါဝင်နိုင်အောင် ကူညီပေးတဲ့ ကောင်းမွန်တဲ့ အစပြုမှုပဲဖြစ်ပါတယ်။

### တစ်သက်တာလုံးအတွက် အုတ်မြစ်ကောင်း

ကလေးဘဝ အစောပိုင်းနှစ်တွေမှာ ချမှတ်ခဲ့တဲ့ အခြေခံအုတ်မြစ်ကောင်းတွေဟာ ကလေးရဲ့ တစ်သက်တာလုံးအတွက်သာမက နောက်မျိုးဆက်သစ်များ အတွက်ပါ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေကို ပိုင်ဆိုင်ရရှိစေနိုင်ပါတယ်။

- သင့်ကလေးအပေါ် မေတ္တာထားပြီး ချစ်ခင်ကြောင်း ပြသပါ။
- သင့်ကလေး စိတ်ဝင်စားတဲ့အရာတွေကို သတိပြုမိပြီး တုံ့ပြန်ပေးပါ။
- သင့်ကလေး အသစ်တစ်ခုခုကို လေ့လာဖို့ ကြိုးစားတဲ့အခါတိုင်း ချီးကျူးပေးပါ။



ကလေးတိုင်းအတွက်
ကောင်းမွန်သော အစပြုမှုက
ဘဝတစ်သက်တာလုံး တည်မြဲပြီး
ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းကို
တည်ဆောက်နိုင်မှာပါ။

World Health Organization
Myanmar

# ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုစောင့်ရှောက်ခြင်း



ကလေးငယ်များသည် မွေးစကပင် ကောင်းမွန်သော ပြုစုစောင့်ရှောက်မှုရရှိရန် လိုအပ်ပါသည်။ ကောင်းမွန်သောပြုစုစောင့်ရှောက်မှု ဆိုသည်မှာ ကလေးငယ်အား အန္တရာယ်မှ ကာကွယ်ပေးခြင်း၊ ချစ်ခင်ကြင်နာမှုဖြင့် အာရုံစိုက်မှုပေးခြင်းအပြင် လေ့လာသင်ယူနိုင်ရန် အခွင့်အရေးများ ဖန်တီးပေးခြင်းတို့ဖြစ်သည်။